ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# ရွာမကန်ကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇-၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွာမကန်ကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လ

# ရွာမကန်ကျေးရွာ

# မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွာမကန်ကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

စကားချီး ၆

ရွာမကန်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ

ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၂၀
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

အောက်တိုဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွာမကန်ကျေးရွာ
မင်းဘူးမြို့နယ်

## ရှာမကန်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ ရွာမကန်ကျေးရွာသည် မင်းဘူးနှင့် အမ်းလမ်းဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာ မင်းဘူးမြို့နှင့် သွားလာရလွယ်ကူပါသည်။ ရွာမကန်ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်တာပျှမ်းမျှ မိုးရေချိန်သည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့်ကောင်းမွန်ပါသည်။ ရွာမကန်ရွာသည် ကုန်းတွင်းမြေပြန့် တွင်တည်ရှိပါသည်။ကျေးရွာသည် မင်းဘူးမြို့နှင့် အနီးဆုံးဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၄င်းတို့၏ အထောက်အပံ့မှာ ကားသုံးဘီးတို့ဖြစ်ကြပါသည်။ ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင်မှု ပေးနိုင်ခြင်း မှာနှမ်းနှင့် မြေပဲ၊ပဲတီစိမ်း ၊လူသုံးကုန် ပစ္စည်းတို့ဖြစ်ကြပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှု သွားလာရာတွင် လွယ်ကူချောမွေ့သောကျေးရွာဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ရွာမကန်ကျေးရွာတွင် ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာမြေဆီ အသင့်အတင့် ရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် မန်းသဘာဝဓာတ်အားပေးစက်ရုံနှင့် ရေနံလိုင်းများ ရှိသော်လည်း နိုင်ငံပိုင်စက်ရုံများ ဖြစ်သဖြင့် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ရန် လက်လှမ်းမီမှု မရှိပါ။ ကျေးရွာသည် မင်းဘူးမြို့နှင့် အလွန်နည်းကပ်သည့် ကျေးရွာဖြစ်သဖြင့် သဘာဝတိရစ္ဆာန်များအား တွေ့ရှိရခြင်း မရှိပါ။ သဘာဝဆေးဘက်ဝင်အပင်များမှာလည်း ရေနံနှင့် သဘာဝဓါတ်ငွေ့ထွက်ရှိသည့် မြေများဖြစ်သည့် အတွက် ပေါက်ရောက်မှုနည်းပါးပြီး လှမ်းမီမှု နည်းပါးပါသည်။ ကျေးရွာသည် သဲမြေများ ဖြစ်သည့်အတွက်ယာလုပ်ငန်းကို အဓိကစိုက်ပျိုးရပါသည်။ ကျေးရွာတွင် ယာဧက (၃၁၁)ဧက ရှိပြီး နှမ်းနှင့် မြေပဲကို အဓိကစိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၅၄) စု နှင့် ကျား၊ မ လူဦးရေပေါင်း (၆၂၀)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုး များအများဆုံး နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၃၇%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်များပြားခြင်းကြောင့် အမျိုးသမီးများအတွက် သင့်တော်သော အလုပ်အကိုင်အခွင့်အလမ်းလိုအပ်နေပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ပါသည်။ အဓိကစိုက်ပျိုးရေးကို လုပ်ကိုင်သူ အိမ်ထောင်စုမှာ (၄၁)အိမ်ထောင်စု ရှိပြီး ဝင်ရောက်လုပ်ကိုင်သူမှာ (၆၃) ဦးရှိပါသည်။ အဓိက ကူလီလုပ်ကိုင်သူ အိမ်ထောင်မှာ (၇၉) အိမ်ထောင်စုရှိပြီး မိသားစုဝင် ဝင်ရောက်လုပ်ကိုင်သူလုပ်အား(၁၅၁)ဦးရှိပါသည်။ ကျပန်းအိမ်ထောင်စုမှာ (၆)စု နှင့် လက်သမား၊ပန်းရံမှာ (၅)စု ရှိပါသည်။ စက်ပြင်လုပ်ကိုင်သူ (၃)ဦးရှိပါသည်။ စက်ချုပ်(၁)ဦးရှိပါသည်။ ဈေးရောင်းသူ အိမ်ထောင်စု (၉)စုရှိပြီး မိသားစုဝင်လုပ်အား (၁၁)ဦးရှိပါသည်။ လက်လီလက်ကား အိမ်ထောင်စု(၄)စု ၊ ပို့ဆောင်ရေးကျပန်း အိမ်ထောင်စု(၄)စု ၊ဝန်ထမ်းလုပ်ကိုင်သူ (၉)ဦးရှိပါသည်။ ၎င်းဝန်ထမ်းများမှာ ဆ.မ (၂)ဦး၊ သစ်တော(၁)ဦး ဝန်ဖြစ်ပြီး သတ္တုတူးဖော်ရေး ပီအိုင်စီ ဝန်ထမ်းမှာ(၆)ဦး ရှိပါသည်။ ပညာရေးဝန်ထမ်း(၇)ဦး ရှိပါသည်။ ပညာရေးရုံး(၂)ဦး ၊ ဆရာမ (၅)ဦးရှိပါသည်။

ကုမ္ပဏီလုပ်ကိုင်သူ (၅)ဦးရှိပါသည်။ ၎င်းဝန်ထမ်းများခြင်းကြောင့် ဖွံ့ဖြိုးရေး လုပ်ငန်းလုပ်ကိုင်နိုင်မှု အားနည်းနေခြင်းဖြစ်ပါသည်။ ကျေးရွာတွင် ယာလုပ်ငန်း လုပ်သူနေ့စားလုပ်အားခမှာ ကျား(၄၀၀၀)ကျပ်၊မ (၃၀၀၀) ကျပ် အများဆုံး ရရှိပြီး အနည်းဆုံးမှာ ကျား(၂၀၀၀)ကျပ်၊မ (၁၀၀၀) ကျပ် သာရရှိပါသည်။ လက်သမား၊ပန်းရံ ၏နေ့စားမှာ ကျား(၅၀၀၀)၊မ(၄၀၀၀) အများဆုံး ဖြစ်ပြီးအနည်းဆုံး မှာကျား(၄၀၀၀)၊မ(၃၀၀၀) ရရှိပါသည်။ ကျေးရွာတွင် လက်လုပ်လက်စား ကူလီများသောကြောင့် ဆင်းရဲသောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်သည့် အဆင်ပြေအိမ်ထောင်စု (၂၂)စုရှိပါသည်။ အိမ်အခြေအနေမှာ လေးပျဉ်အိမ်တို့ ဖြစ်ပါသည်။ လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု မှာမိရိုးဖလာ နွားနှင့် လှည်းကိုသာ အသုံးပြုရပါသည်။ ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သောပိုင်ဆိုင်မှု မှာ TV Skynet တို့ရှိပါသည်။ အဓိက စီးပွားရေး လုပ်ငန်းမှာ ကူလီနှင့်ကျပန်း ကိုလုပ်ကိုင်ကြရပါသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနည်းပါးပြီး ကူလီလုပ်မြေယာမဲ့ များသောကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာတွင် ယာလုပ်ငန်း တစ်မျိုးထဲကိုသာ လုပ်ကိုင်ရသောကြောင့် နွား၊ လှည်း များဖြင့်လုပ် ကိုင်ကြပါသည်။ ခေတ်မီ စက်ကိရိယာများမရှိပါ။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ယာလုပ်ငန်း၊ ဆောက်လုပ်ငန်း ၊လက်လီလက်ကား ရောင်းဝယ်ရေး ဝန်ထမ်း အလုပ်များကို လုပ်ကိုင်ရှာဖွေ စားသောက်နေကြရပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၂)စု ရှိပြီး ရာခိုင်နှုန်း မှာ (၂၀.၇၇)ရာခိုင်နှုန်း ဖြစ်ပါသည်။ ၎င်းတို့သည် လက်လုပ်လက်စား ကူလီများနှင့် ကျပန်းများဖြစ်ကြပါသည်။ ၎င်းတို့၏ ဝင်ငွေ နှင့် စားဝတ်နေရေး မျှတသဖြင့် စားဝတ်နေရေး ဖူလုံမှု မရှိပါ။ ထို့ကြောင့် ဆင်းရဲသောအိမ်ထောင်စု များခြင်းဖြစ်သည်။ အိမ်ထောင်စု တစ်စုလျှင် (၂)သိန်းမှ

(၁၅)သိန်း ထိအကြွေးတင်မှုများနေတွေ့နေရပါသည်။ အများစုမှာ အသေးစားငွေချေးလုပ်ငန်း ပက်မြန်မာ နှင့် သမတို့ထံမှ ချေးယူ၍ ဖြေရှင်းပါသည်။ ၄င်းတို့ကို စားသုံးရန်၊ကျန်းမာရေး ၊ပညာရေးနှင့် စိုက်ပျိုးရေးတို့အတွက် ချေးယူရကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ဆင်းရဲသည့် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု(၁၁)စု ရှိပါသည်။ ၄င်းတို့မှာ စားဝတ်နေရေး နှင့် ပညာရေးအတွက် အားနည်းနေကြောင်းတွေ့ရပါသည်။ ဆင်းရဲသောမိသားစုဦးရေ မုဆိုးဖို အိမ်ထောင်စု(၃)စု ရှိပါသည်။ ဆင်းရဲ၍ရွှေ့ပြောင်းလုပ်ကိုင်သူ မိသားစု(၁)စု ရှိပါသည်။

ကျေးရွာတွင် ကုန်းမြင့်မြေများ ဖြစ်သဖြင့် စားနပ်ရိက္ခာသိုလှောင်မှုမရှိပါ။ ရေရှားပါးသော ကြောင့် သဘာဝအရင်းမြစ်များ ပေါက်ရောက်မှုနည်းပါးပါသည်။ တစ်ခါတစ်ရံမိုးခေါင်မှုများ တတ်၍ မြေဆီလွှာပျက်ယွင်းမှုများ ဖြစ်တတ်ပါသည်။ မြေဆီလွှာ ပျက်ယွင်းခြင်းမှာလည်း ဓါတုပိုးသတ်ဆေး ကိုစနစ်တကျမသုံးစွဲခြင်းတို့ကြောင့်လည်း ဖြစ်တတ်ပါသည်။ မိုးခေါင်မှု များဖြစ်လျှင်သီးနှံများ ပျက်စီး ခြင်းနှင့် ကြုံတွေ့ရပါသည်။ သစ်တောပြုန်းတီးခြင်းမှာ လူနေထူထပ်ပြီး ထင်းအဖြစ် အသုံးပြုခြင်း တို့ကြောင့်ဖြစ်ပါသည်။ ငှက်ဖျားရောဂါနှင့်တီဘီ ရောဂါတို့သည် ခေတ်မီဆေးကုသမှု ရှိသဖြင့် ကူးစက်မှုနှုန်း နည်းပါးပါသည်။ တိရစ္ဆာန်ကူးစက် ရောဂါကျရောက်မှုမှာ ကန်ရေကိုသောက်သုံး ရခြင်းနှင့် တိမွေးကုဆရာဝန်များ မရှိခြင်းနှင့် ကာကွယ်နည်းအသိပညာများ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကျေးရွာတွင် လူငယ်များ အွန်လိုင်းပေါ်အချိန်ပြည့် တက်နေခြင်း နှင့် အရက်သေစာ သောက်စားခြင်း နှင့် ဆိုင်ကယ်များ မတရားမောင်းနှင် ခြင်းတို့ကြောင့် ထိခိုက်မှုများဆုံးရှုံးနိုင်ပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသူရွာသားများသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးအများစုလည်း ကျန်းမာကြပါသည်။ ကျေးရွာတွင် ဝမ်းပျက် ဝမ်းလျှောမရှိပါ။ ရာသီပြောင်းလဲသည့်ကာလတွင်သာ အနည်းငယ်ဖြစ်တတ်ပါသည်။ သွေးလွန် တုတ်ကွေးရောဂါသည် မိုးရာသီချိန်တွင် ရေဝပ်နေရာများရှိခြင်းတို့ကြောင့် အနည်းငယ်ရှိပါသည်။ ငှက်ဖျားရောဂါ ဖြစ်ပွားမှုမှာ ခြင်ကိုက်ခံရခြင်း ကြောင့် အနည်းငယ် ဖြစ်တတ်ပါသည်။ တီဘီရောဂါ မှာ ကျန်းမာရေး အသိပညာအနည်းငယ် နည်းနေခြင်း တို့ဖြစ်ပါသည်။ သွေးတိုးရောဂါမှာ အဆီအစိမ့် စားသုံးခြင်း တို့ဖြစ်ပါသည်။ အာဟာရ ချို့တဲ့မှုမှာ မရှိပါ။တာဝန်ကျ ဆရာမများ လာရောက် တိုက်ကျွေးခြင်းတို့ကြောင့် အာဟာရချို့တဲ့မှု မရှိပါ။ကျေးရွာတွင် ကူးစက်ရောဂါ များရှိခြင်းဖြစ်ပါသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ရွာမကန်ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အလွန်နည်းပါးသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာအနီးရှိ တခြားရွာတွင် မူလတန်း၊အလယ်တန်း၊ ကျောင်းခွဲတို့တွင် သွားရောက်သင်ကြားနေရသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်း များနည်းပါးဆဲဖြစ်သည်။

### (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ရွာမကန်ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့ အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် နေ့ထွက် လုပ်အားခများမှာ အမျိုးသားများက ပိုမိရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်း များတွင်မူ အမျိုးသမီးပါဝင်မှု တို့မှာ အလွန်လျော့နည်းလျှက်ရှိသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ရွာမကန်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုအဖွဲ့အစည်းများ ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာ အဖွဲ့များ၊အမျိုးသမီးရေးရာအဖွဲ့ များ၊နာရေးကူညီမှုအဖွဲ့ ၊ ပရဟိတအဖွဲ့၊ လူငယ်အဖွဲ့၊ လူမှုရေးအဖွဲ့အစည်းရှိပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ရွာမကန်ကျေးရွာတွင် ပဲနှင့် နှမ်းကို အဓိကထား စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီးစိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှ လည်းတောင်သူများ အတွက်ဝန်ဆောင်မှု များပေးပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာ ကိုရင်ဆိုင်တတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မားရသည်။မိုးရွာသွန်းမှုမညီမျှမှု ရင်ဆိုင်ရတတ်သည်။ ဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု (၃၉)စုမှာ (၁၁၃)ကောင် မွေးမြူကြသည်။ မြင်းမွေးမြူသည့် အိမ်ထောင်စုသည် (၂)စုမှာ (၂)ကောင်မွေးမြူကြသည်။ ထို့ကြောင့် ကျေးရွာတွင်

တိရစ္ဆာန် နှင့်ပတ်သက်၍ သွင်းကုန်ထုတ်ကုန်များမရှိပါ။ ကျေးရွာတွင် တိရစ္ဆာန်ဝယ်ယူ မွေးမြူရန် ချေးငွေဌာနများနှင့် လည်းလက်လှမ်းမမီပါ။ တိရစ္ဆာန်များ မျိုးပွားမွေးမြူရန် လည်းနည်းပညာများ မရှိပါ။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ရွာမကန်ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ လက်သမား၊ပန်းရံ၊စက်ပြင် လုပ်သမား၊ ဈေးရောင်း၊ပို့ဆောင်ဆက်သွယ်ရေး၊ဆည်မြောင်း၊ပြန်ကြားရေး၊ သစ်တော၊စာရင်းစစ်၊ ရေအားကော်မရှင်၊ ဂိတ်ခွန်၊ပညာရေးရုံး၊ဆရာမ၊ ပြင်ပကုမ္ပဏီများတွင်ဝင်ရောက် လုပ်ကိုင်ကြ ပါသည်။ ၄င်းတို့၏ ရပ်တည်နိုင်မှုမှာ အသင့်အတင့် ဖြစ်ပါသည်။လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင် မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ပွင့်လင်းရာသီတွင် လက်သမားပန်းရံ များကို တွက်ကျယ်စွာ လုပ်ကိုင်နိုင်ကြပါသည်။ ဈေးသည်များသည်လည်း မြို့နှင့် နီးသောကြောင့် တပိုင်တနိုင်ဈေးသည် များသာရှိပါသည်။

## (ဃ) ပါတ်ဝန်းကျင်နှင့် သံယံဇာတ စီမံခန့်ခွဲမှု

ရွာမကန်ကျေးရွာတွင် မြေဆီသြဇာအခြေအနေ အသင့်အတင့် ကောင်းမွန်ပါသည်။ မြေဆီ မြေသြဇာ အခြေအနေကို မသိခြင်း စနစ်တကျမသုံးစွဲတတ်ခြင်း တို့ဖြစ်ပါသည်။ လူနေထူထပ်ပြီး အဆောက်အအုံများပြားခြင်းကြောင့် အပင်မျိုးစိတ်များ မဖြစ်ထွန်းပါ။ ဖျတ်ပိုးနှင့်ရောဂါ ကာကွယ်ထိန်းချုတ်မှုမရှိခြင်းမှာ စနစ်တကျမသုံးစွဲတတ်ခြင်း ရာသီဥတုဖောက်ပြန်ခြင်းတို့ဖြစ်ပါ သည်။ ရေအရင်းမြစ်၏ အန္တာရယ်မှုမှာ ဆေးဗူးခွံများ စနစ်တကျ မစွန့်ပစ်ခြင်း တို့ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလက်စတစ်အိတ်၊ ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြ သဖြင့်သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေရရှိနိုင်မှုမှာ အစိုးရစိုက်ဘဏ်မှ ရရှိပါသည်။ ငွေကြေးဝန်ဆောင်မှုမှာ စိုက်ပျိုးရေးအတွက် ဖြစ်ပါသည်။ (၆)လပြည့်ချိန်တွင် ပြန်လည်ပေးစပ်ရပါသည်။ ငွေကြေး အတိုးနှုန်းမှာ(၆၅)ပြား ဖြစ်ပါသည်။ ယာမြေများ ဖြစ်သဖြင့် (၁ဝ)ဧကကို (၂)သိန်း နှုန်းချေးယူ ရပသည်။ ဧက(၁ဝ)ဧက အထိထုတ်ချေး ပေးပါသည်။ ချေးငွေရရှိမှု အခက်အခဲမှာ ပုံစံ(၇) မရှိခြင်းတို့ဖြစ်ပါသည်။ ကျေးရွာအဖွဲ့လိုက်ချေးငွေလုပ်ငန်းမှာ ပက်မြန်မာ အဖွဲ့ရှိပါသည်။ ငွေကြေး ဝန်ဆောင်မှုမှာစိုက်ပျိုးစရိတ်ဖြစ်ပါသည်။ပြန်လည်ပေးစပ်ရသည်ကာလမှ(၄)လပြည့် ချိန်တွင်ဖြစ်ပါ သည်။ အတိုးနှုန်းမှာ (၁)ကျပ် (၅ဝ)ပြား ဖြစ်ပါသည်။ ကျေးရွာတွင် အသေးစား ချေးငွေအဖွဲ့များနှင့် လည်ပတ်နေခြင်းဖြစ်ပါသည်။ ကျေးရွာတွင် ချေးငွေအကြောင်းအရင်း မျိုးစုံမှာ (ပညာရေး၊

ကျန်းမာရေး)တို့ အတွက် အထူးသဖြင့် စားနပ်ရိက္ခာ အတွက်ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလို အပ်ချက်များပြားကြောင်းတွေ့ရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွာမကန်ကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်း ကိုမင်းဘူးမြို့သို့ သွားရောက်တက်ရပါသည်။ မင်းဘူးနှင့် ကျေးရွာသည် (၁)မိုင်နှင့် (၃)ဖာလုံ ကွာဝေးပါသည်။ ခြေလျင်သွားတက်ရသော ကျောင်းသူ/သား ဦးရေမှာ ပို၍များပြားပါသည်။ ကျေးရွာ၏ မူလတန်းကျောင်းအရွယ် အစားမှာအလျား(၄၀ပေ)အနံ(၃၀ပေ)၊အမြင့်(၁၂ပေ) ရှိပါသည်။ သွပ်မိုး၊အုတ်နံရံ၊တမံသလင်း အမိုးအကာ အခင်းကောင်းမွန် သောကျောင်းဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂလုံလောက်မှု မရှိပါ။ ကျောင်းတွင် ယင်လုံအိမ်သာ (၂)လုံးရှိပါသည်။

ကျေးရွာသည် ကုန်းသာ ကျေးလက်ဌာနခွဲတွင်ပါဝင်သော ကျေးရွာငယ်လေး ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အချက်(၈)ချက်နှင့် ပတ်သက်သော ရောဂါများ စမ်းသပ်၍လစဉ် သားဖွားဆရာမ မှာလာရောက်၍ ကာကွယ်ဆေးထိုးနှံခြင်း၊ အလှည့်ကျ ဆေးစစ်ပေးခြင်း၊ အာဟာရ မှတ်တမ်းကောက်ယူခြင်း၊အလေးချိန်တိုင်းခြင်း၊လက်ပတ်တိုင်းခြင်းများကိုလည်း ပြုလုပ်ပါသည်။ (၅)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြည့်ပညာများ ညွှန်ကြားပေး ပါသည်။

ကျေးရွာသည်ကုန်းသာ ဆေးပေးခန်းနှင့် (၄)မိုင် ဝေးသည့်အတွက် ကျန်းမာရေးနှင့် ပတ်သက်၍ မြို့နယ်ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ရပါသည်။သားဖွား မိခင်ကိုယ်ဝန် စောင့်ရှောက် ရေးအတွက် တာဝန်ကျသားဖွားဆရာမ ခေါ်၍မွေးဖွားရပါသည်။ ကျေးရွာတွင်ကျေးလက် ကျန်းမာရေး ဌာနများ မရှိသည့်အတွက် သက်ကြီးရွယ်အိုများ အတွက်အခက်အခဲများ ရှိပါသည်။

ကျေးရွာတွင် ကျန်းမာရေးဗဟုသုတများ ရရှိ၍ ယင်လုံအိမ်သာ သုံးစွဲသူ အိမ်ထောင်စု(၁၄၄) စုရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးကို ဦးစားပေး အလေးထားသောကြောင့် ယင်လုံအိမ်သာ ထားရှိသူဦးရေများပြားခြင်း ဖြစ်ပါသည်။ တောထိုင်သော အိမ်ထောင်စုမှာ (၅)စု ရှိပါသည်။ ၎င်းတို့မှာ အလွန်ဆင်းရဲသော အိမ်ထောင်စု များဖြစ်ပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာအတွင်း လူမှုရေးလုပ်ငန်း များတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ၊အလှူပွဲ၊ကထိန်ပွဲများတွင် အတီးအကများဖြင့် ပါဝင်ဆောင်ရွက်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက်ဆောင်ရွက်ရန် နည်းပညာနည်းပါးနေသေးသည်။ ကျေးရွာတွင်စာကြည့်တိုက်ရှိပြီး စာဖတ်မှုအားနည်းပါသည်။ အင်တာနက် လက်လှမ်းမီမှု များနှင့် လက်လှမ်းမီမှုရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုနှင့် ယဥ်ကျေးမှု အခြေအနေအား နည်းနေပါသည်။

**(ဓ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ အသင့်အတင့် ကောင်းမွန်ပါသည်။ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်သောလမ်း ဖြစ်ပါသည်။ ရွာတွင်းလမ်းသည် ရွာတည်ကတည်းက တည်ရှိပြီး ကိုယ်ထူကိုယ်ထသာ ပြုပြင်ရပါသည်။ ရွာတွင်းလမ်းအရှည် (၆)ဖာလုံဖြစ်ပါသည်။ ရွာချင်းလမ်းမှာလည်းမြေသားလမ်း ဖြစ်ပြီး အသင့်အတင့်ရှိပြီး နှစ်ပတ်လည်သုံးစွဲသောလမ်းဖြစ်ပါသည်။

ကျေးရွာတွင် မဟာဓာတ်အားလိုင်း သုံးစွဲရရှိမှု ရွာဦးကျောင်းသို့လှူဒါန်း ထားရှိသောလိုင်းမှ သုံးစွဲသူ (၂၃) ဦးရှိပြီးပြုပြင် ထိန်းသိမ်းရေးစနစ် မှာအညံ့စားဖြစ်ပါသည်။ သုံးစွဲမှုမှာ အခက်အခဲရှိပါသည်။ ကျေးရွာတွင် ဆိုလာသုံးစွဲသူဦးရေ(၆၆) ဦးရှိပါသည်။ ပြုပြင်ထိန်းသိမ်းရေး စနစ်မှာ အသင့်အတင့် ရှိပြီးသုံးစွဲမှုမှာ အခက်အခဲရှိပါသည်။ ဘက်ထရီသုံးစွဲသူဦးရေ(၁၁)ဦး ရှိပြီး ဖယောင်းတိုင်သုံးစွဲသူ (၇)ဦး ရှိပြီးသုံးစွဲမှုမှာ ခက်ခဲပါသည်။ မဟာဓါတ်အားလိုင်း သုံးစွဲမှုအား အားနည်းနေသောကျေးရွာ ဖြစ်ပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများ လက်လှမ်းမီမှု ရှိပါသည်။ ကျေးရွာတွင် အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု မရရှိသေးပါ။ ကျေးရွာတွင် လူထုအခြေပြု သဘာဝဘေးအန္တရာယ် ကာကွယ်သော မီးသတ်တပ်ဖွဲ့များ ရှိပါသည်။ ကျေးရွာသည် ရဲစခန်းနှင့် (၂)မိုင်ခန့် အကွာတွင် ရှိ၍ လက်လှမ်းမီမှု ရှိပါသည်။ သဘာဝဘေးအန္တရာယ်လျော့ချရေးအတွက် အရန်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းထားပါသည်။ ကျေးရွာသည် စခန်းနှင့် ချိတ်ဆက်မှု လွယ်ကူပြီး ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီးချိတ်ဆက်သုံးစွဲနိုင်ခြင်း မရှိသဖြင့် ကျောင်းသား/သူများ အတွက် စားကျတ်အား အားနည်းနေပါသည်။ လူနေမှု အဆင့်အတန်း နိမ့်ပါးနေခြင်းကို တွေ့ရပါသည်။ ကျေးရွာသည် မြို့နှင့်နီးသော်လည်း ငွေကြေးမတတ်နိုင်မှုကြောင့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းတက်ရောက်နိုင်မှုအားနည်းပါသည်။ ကျေးရွာတွင်(၁၀)တန်းအောင်သော ကျောင်းသူ/သား များရှိသော်လည်း ငွေကြေးမတတ်နိုင်မှုကြောင့် ဆက်လက်၍ ပညာမသင်ကြား

နိုင်ပါ။ တချို့(၈)တန်းအောင် (၉)တန်းအောင် များလည်းရှိပါသည်။ ထိုသူများအတွက် အသက်မွေးဝမ်ကျောင်းပညာရပ် များသင်ပေးချင်သော်လည်း ငွေကြေးမတတ်နိုင်ကြပါ။ စက်ချုပ်၊ စက်ပြင်၊ကွန်ပျူတာ များအနည်းငယ် တတ်မြောက်သူများ ရှိပါသည်။ သို့ရာတွင် သင်တန်းဆင်းများ မဟုတ်သောကြောင့် စီးပွားဖြစ်လုပ်ဆောင်နိုင်ခြင်း မရှိကြပါ။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ရွာမကန်ကျေးရွာတွင် မြေဆီမြေသြဇာများကို စနစ်တကျမသုံးစွဲတတ်ခြင်း အညွှန်းအတိုင်း မသုံးစွဲတတ်ခြင်း တို့ဖြစ်ပါသည်။ ယာမြေထပ်မံတိုးချဲ့နိုင်မှုမဖြစ်သဖြင့် ယာသမားများ အဖို့ အထွက်နှုန်းမြင့်အောင်အားစိုက်ရပါသည်။ ကျေးရွာတွင် ဆည်များမှ ရေရရှိမှုမရှိပါ။ စိုက်ပျိုးရေး အတွက် မိုးရေကိုသာ အသုံးပြုစိုက်ပျိုးရပါသည်။

ကျေးရွာတွင် တိရစ္ဆာန်များ ဝယ်ယူမွေးမြူရန်ချေးငွေနှင့် ချေးငွေဌာနများ နှင့် လက်လှမ်းမီမှု မရှိပါ။ တိရစ္ဆာန်များမျိုးပွားမွေးမြူရန် နည်းပညာမရှိပါ။ လက်လှမ်းမီမှုလည်း မရရှိပါ။ ကျေးရွာတွင် (၁၀)တန်း၊(၈)တန်း၊(၉)တန်း အောင်များ ရှိကြပြီး ၄င်းတို့တွင် ပညာရေးအတွက် ငွေကြေး မတတ်နိုင်ခြင်း ကြောင့်ဆက်လက်၍ ပညာသင်ကြား ခွင့်မရရှိပါ။၄င်းတို့မှာ အသက်မွေး ဝမ်းကျောင်းပညာအားနည်းနေပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁)ကျွန်ုပ်တို့ကျေးရွာတွင် ရွာလူထုသည်လျှပ်စစ်မီးရရှိ၍ စာတတ်မြောက်မှုနှင့် ပိုမို ကောင်းမွန် သောပညာရေးမှတဆင့်ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ် ကိုကျယ်ဝန်းလာ စေရမည်။

(က.၂) ကျွန်ုပ်တို့ ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ပညာရေး၊ ကျန်းမာရေး တိုးတက် လာပြီး လူနေမှုအဆင့်မြင့်တက်လာစေရမည်။

(က.၃) ကျွန်ုပ်တို့ ကျေးရွာတွင် ကျေးရွာလူထုမှာ ကျန်းမာရေးနှင့်ပတ်သတ်၍ ကျန်းမာရေး အသိပညာရရှိ၍ လူနေမှုအဆင့်မြင့်တက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ ကျေးရွာတွင် မီးရထားလမ်းဂုံးကျော်တံတား ရရှိခြင်းဖြင့် ကျေးရွာလူထု လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရမည်။

(က.၅) ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် သီးနှံများ စေကောင်းရရှိခြင်းဖြင့် ဝင်ငွေအသင့်အတင့်ရရှိစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁)ကျွန်ုပ်တို့ကျေးရွာတွင် ရွာလူထုသည်လျှပ်စစ်မီးရရှိရန် လျှပ်စစ်ဝန်ကြီးဌာ၊ သက်ဆိုင်ရာဌာန များနှင့် ပြင်ပအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ.၂) ကျွန်ုပ်တို့ ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ကျေးလက်လမ်းဦးစီးဌာန နှင့် ပြင်ပအဖွဲ့အစည်းများ၊သက်ဆိုင်ရာဌာနများဖြင့်အကူအညီတောင်း ချိတ်ဆက်ဆောင်ရွက် သွားမည်။

(ခ.၃) ကျွန်ုပ်တို့ ကျေးရွာတွင် ကျေးရွာလူထုမှာ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးခန်းဆောက်လုပ် ရရှိရန် ကျန်းမာရေးဦးစီးဌာန၊ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ.၄) ကျွန်ုပ်တို့ ကျေးရွာတွင် မီးရထားလမ်းဂုံးကျော်တံတား ရရှိရန် ကျေးလက်လမ်းဦးစီးဌာန နှင့် ပြင်ပအဖွဲ့အစည်းများ၊သက်ဆိုင်ရာဌာနများဖြင့်အကူအညီတောင်း ချိတ်ဆက်ဆောင်ရွက် သွားမည်။

(ခ.၅) ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် သီးနှံများဈေးကောင်းရှိရန် စိုက်ပျိုးရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီး ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်

အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင် နှမ်းနှင့်ကုလားပဲ ၊ပဲအမျိုးမျိုးတို့အား စိုက်ပျိုးကြပါသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက ပြဿနာ တစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာနှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နင်းရေး အတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေး၊ထွက်ကုန်ပစ္စည်း များရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များ ကိုမှီခိုအားထား မှုပိုများသည်။ သီးနှံဖျက်ပိုး များသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာန မှ ဦးစီးဆောင်ရွက်ပြသင့်ပါသည်။

**(ဂ) လျှပ်စစ်မီးလင်းရေး**

ကျေးရွာတွင် မဟာဓာတ်အားပေးစက်ရုံနှင့် (၂)မိုင် အတွင်းတွင်ရှိပါသည်။ ကျေးရွာသည် မင်းဘူးကားလမ်းဘေးတွင် တည်ရှိပြီး ယနေ့အချိန်ထိမီးမရရှိသေးပါ။ ကျေးရွာတွင် မီးလင်းရေးအတွက် ကျေးရွာလူထုမှ ရန်ပုံငွေကောက်ခံသော်လည်း ရရှိမှုအားနည်း နေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာန များမှ ဦးစီးဦးရွက် ပြုဆောင်ရွက်ပေးစေချင်ပါသည်။

**(ဃ) ကျန်းမာရေးဆေးပေးခန်း**

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း မရှိသည့် အတွက်ကလေးနှင့်သက်ကြီး ရွယ်အိုများ သည် ကျန်းမာရေး ဖြစ်သည့်အချိန်အခါတွင် မင်းဘူးဆေးရုံဆေးခန်းများသို့သွား ရောက်ရပါသည်။ မင်းဘူးဆေးရုံဆေးခန်း သွားရာတွင် မြင်းလှည်းများဖြင့် သွားရောက်ရာတွင် အချိန်နှောင့်နှေး နေခြင်းကြောင့် တွေ့ရပါသည်။ ကျန်းမာရေးဆေးပေးခန်း ဆောက်ရန်မြေနေရာ အလွတ်ရှိ သော်လည်း တည်ဆောက်နိုင်ရန် ကျေးရွာလူထုမှ ငွေကြေးခက်ခဲနေပါသည်။ ကျန်းမာရေး အလှူရှင် များနှင့် သက်ဆိုင်ရာဌာန များမှ ကူညီထောက်ပံ့မှုများ ရရှိလိုပါသည်။

**(င) လမ်းပန်းဆက်သွယ်ရေး**

ကျေးရွာတွင် စာသင်ကျောင်းနှင့် ရွာဦးကျောင်းသို့သွားသော လမ်းတွင်ရထားလမ်း ဖောက်လုပ်ထားရှိပါသည်။ ၎င်းရထားလမ်းသည် ရွာ၏ အဓိကသွားလာရာ လမ်းဖြစ်၍ အန္တရာယ် ရှိမှု အများဆုံးဖြစ်ပါသည်။ ရထားဂိုးကျော်တံတား ရရှိပါက သွားလာရလွယ်ကူပြီး ကလေးများနှင့်

ရပဟန်းသံဃာများ အန္တရာယ်ကင်းနိုင်မည်ဖြစ်ပါသည်။ ရထားဂုံးကျော်တံတား တည်ရှိရန် သက်ဆိုင်ရာဌာန များမှ စီစဉ်ဆောင်ရွက်ပေးစေလိုပါသည်။ ကျေးရွာတွင် ရွာလမ်းများ ပျက်စီးနေသောကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူကြောင်းတွေ့ရပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)–* ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **မီးလင်းရေး**<br>လျှပ်စစ်မီးရရှိရန် | လျှပ်စစ်မီးလင်းရန်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | * မီးလင်းရေးကော်မတီဖွဲ့စည်းခြင်း<br>* အလှူရှင်များ နှင့် ချိတ်ဆက်ခြင်း။<br>* သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ခြင်း။<br>* လျှပ်စစ်မီးဝန်ကြီးဌာနနှင့်ချိတ်ဆက်ခြင်း။ | လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးဌာန |
| **လမ်းပန်းဆက်သွယ်ရေး**<br>ရွာအဝင်လမ်းကောင်းမွန်ရန် | ရွာအဝင်လမ်းမကြီးမြေနီကျောက်လမ်းခင်းရန်ဆောင်ရွက်ခြင်း | ၈၀ | ၂ | * လမ်းကော်မတီဖွဲ့စည်းခြင်း နှင့် သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့စည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>* ကျေးရွာလူထုနှင့် လှူဆောင်ခြင်း လမ်းများခင်းခြင်း | လမ်းဦးစီး |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ကျန်းမာရေး**<br>ဆေးပေးခန်းရရှိရန် | ကျန်းမာရေးဆေးပေးခန်းရရှိရန်ဆောင်ရွက် ခြင်း | ၇၀ | ၃ | * ကျန်းမာရေးကော်မတီဖွဲ့စည်းခြင်း။<br>* ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း<br>* ကျေးရွာသူသားများအား လုပ်အားပေးလုပ်ဆောင်ရန်နိုးဆော်ခြင်း။<br>ဆေးပေးခန်းဆောက်လုပ်ခြင်း | ကျန်းမာရေးဦးစီး |
| **လမ်းပန်းဆက်သွယ်ရေး**<br>ဂုံးကျော်တံတားရရှိရန် | မီးရထားလမ်းဂုံးကျော်တံတားရရှိရန်ဆောင်ရွက်ခြင်း | ၅၀ | ၄ | * ကျေးရွာလမ်းကော်မတီဖွဲ့စည်းခြင်း။<br>* ပြင်ပအဖွဲ့(NGO,INGO)များနှင့် ချိတ်ဆက်ခြင်း<br>* ကျေးရွာသူသားများအား လုပ်အားပေးလုပ်ဆောင်ရန်နိုးဆော်ခြင်း။<br>သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း | လမ်းဦးစီး |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **စိုက်ပျိုးရေး**<br><br>ကုန်စည်နှင့် ဝန်ဆောင်မှု | သီးနှံများဈေးကွက်ရရှိရန်ဆောင်ရွက်ခြင်း | ၄၁ | ၅ | * လယ်ယာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း။<br><br>* ပြင်ပအဖွဲ့(NGO,INGO)များနှင့် ချိတ်ဆက်ခြင်း<br>စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>* သက်ဆိုင်ရာလွှတ်တော်အမတ်များထံတင်ပြအကူအညီတောင်းခံခြင်း | စိုက်ပျိုးရေးဦးစီး |
| | | | | | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီးလင်းရန်ဆောင်ရွက်ခြင်း | ၁ | Â | Â | | | |
| ၂ | ရွာအဝင်လမ်းအားမြေနီကျောက်လမ်းခင်းရန်ဆောင်ရွက်ခြင်း | ၂ | Â | | | | |
| ၃ | ကျန်းမာရေးဆေးခန်းရရှိစေရန်ဆောင်ရွက်ခြင်း | ၃ | Â | Â | Â | Â | Â |
| ၄ | မီးရထားဂုံးကျော်တံတားရရှိရန်ဆောင်ရွက်ခြင်း | ၄ | Â | Â | Â | Â | Â |
| ၅ | သီးနှံဈေးကွက်ရရှိရန်ဆောင်ရွက်ခြင်း | ၅ | Â | Â | | | |

### ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လျှပ်စစ်မီးလင်းရန်ဆောင်ရွက်ခြင်း | ၅၀၀ | ၂၀ | ၄၆၀ | | ၂၀ |
| ၂ | ရွာဝင်လမ်းမြေနီကျောက်လမ်းခင်းရန်ဆောင်ရွက်ခြင်း | ၄၀၀ | ၁၀ | ၃၈၀ | | ၁၀ |
| ၃ | ကျန်းမာရေးဆေးပေးခန်းရရှိရန်ဆောင်ရွက်ခြင်း | ၂၀၀ | ၁၅ | ၈၅ | | ၁၀ |
| ၄ | မီးရထားဂုံးကျော်တံတားရရှိရန်ဆောင်ရွက်ခြင်း | ၂၅၀ | ၁၀ | ၁၀၀ | | ၁၅ |
| ၅ | သီးနှံဈေးကွက်ရရှိရန်ဆောင်ရွက်ခြင်း | ၆၅ | ၅ | ၅၀ | | ၁၀ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်

ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ်

ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖေါ်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက် မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁)

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း ၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၃ | ၅ | ၈ | ၁.၃% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၂၃ | ၂၆ | ၅၀ | ၈.၀၆% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၅ | ၁၇ | ၃၂ | ၅.၁၆% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၃၈ | ၃၅ | ၇၃ | ၁၁.၇၇% |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၉ | ၂၁၂ | ၄၀၁ | ၆၄.၆၇% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၃ | ၃၄ | ၅၇ | ၉.၁၉% |
| **စုစုပေါင်း လူဦးရေ** | **၆၂၀** | **၂၉၁** | **၃၂၉** | **၆၂၀** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု** | **၁၅၄** | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် လူဦးရေ (၆၂၀) ဦးရှိပါသည်။ အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်မှာ (၆၄.၆၇%) ရှိပါသည်။ မူလတန်းကျောင်းသားအရွယ်မှာ (၅.၁၆%) ရှိပါသည်။ သက်ကြီးရွယ်အိုများမှာ (၉.၁၉%) ရှိပြီး

အလယ်တန်းကျောင်းသားအရွယ်မှာ (၁၁.၇၇%)ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူ ဦးရေအများဆုံးဖြစ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အများဆုံး လုပ်ကိုင်နိုင်ပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေမှာ (၄) ဦးခန့်ရှိသည့်အတွက် မြန်မာနိုင်ငံတွင် တစ်အိမ်ထောင်တွင် ရှိသင့်သည့်လူဦးရေအောက် လျော့နည်းနေပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၁ | ၂၆.၆ | ၆၃ | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇၉ | ၅၁.၃၂ | ၁၅၁ | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆ | | ၆ | | 222222222ရေနံဝန်ထမ်း |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | | ၆ | ၂ | လက်သမား/ပန်းရံ |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | ၁ | | လေထိုးကျွတ်ဖာ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | | ၃ | | စက်ပြင် |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁ | စက်ချုပ်-၁ |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | | ၁၁ | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | | ၄ | ၉ | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | ၁ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | | ၅ | | ပို့ဆောင်ရေးနှင့် ဆိုင်ကယ်ပွဲစား |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၉ | ဆဝမ၊ရေအား၊ စာရင်းစစ် |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၇ | ပညာရေး၊ဆရာ/မ |
| | | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၅ | |
| | **စုစုပေါင်း** | ၁၅၃ | | ၂၅၁ | ၃၆ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ရွာမကန်ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ယာမြေမပိုင်ဆိုင်ကြသူများမှာ လယ်ပိုင်ရှင်များထံတွင်

ကူလီအလုပ်သာလုပ်ကိုင်ကြရပါသည်။ ရေနံဝန်ထမ်းလုပ်ဆောင်ကြသူများ နှင့် ပြင်ပအဖွဲ့အစည်း ကုမ္ပဏီအလုပ်များတွင် လုပ်ကိုင်ကြပါသည်။ယာမြေလုပ်ငန်းများ ကိုအဓိကထား လုပ်ကိုင်ကြသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၁၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | - |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန်ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ကျား၊မ အလိုက် အများဆုံး လုပ်အားခကွာခြားမှုမှာ အားစိုက်လုပ်ဆောင်ရခြင်း အခြေအနေကိုမူတည်၍ ကွာခြားပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | | | | |
| ယာမြေ /တောင်ယာ | ၃၁၁ | သင့် | မရ | မိုးရေ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | ၁၅ | ညံ့ | မရ | မိုးရေ |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | ၂၈၅.၉၀ | သင့် | ရ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်**။ ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုမှာ ယာမြေ(၃၁၁)ဧကရှိပြီး မိုးရေဖြင့်(၃၁၁)ဧကကို စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မိုးကောင်းသောနှစ်များတွင် ယာတောင်သူများ အဆင်ပြေမှုရှိပြီး မိုးခေါင်သောနှစ်များတွင် ယာတောင်သူများ ဆုံးရှုံးမှုများပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | သင့် | ခက် |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| အခြား ရင်းမြစ်များ | မရှိ | |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် မန်းသဘာဝဓာတ်အားပေးစက်ရုံနှင့်ရေနံတွင်းများရှိသော်လည်း နိုင်ငံပိုင်စက်ရုံများ ဖြစ်သဖြင့် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ရန် လက်လှမ်းမီမှုမရှိပါ။ ရွာမကန်ကျေးရွာသည် မင်းဘူးမြို့နှင့် အလွန်နီးကပ်သည့် ကျေးရွာဖြစ်သည့်အတွက် သဘာဝဆေးဘက်ဝင် အပင်များမှာလည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ထွက်ရှိသည့် မြေများဖြစ်သည့်အတွက် ပေါက်ရောက်မှုနည်းပါးပြီး လက်လှမ်းမီမှုမှာ ခက်ခဲပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧက | ၇ဧက | ၅ဧက | - |
| အိမ်အခြေအနေ | တိုက်ခံ၊သွပ်မိုး | သွပ်မိုး၊ထရံကာ | သွပ်မိုး၊ထရံကာ | ဝါး၊ထရံကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက် နွားစာစဉ်းစက် | နွားစာစဉ်းစက် -၁ | နွားလှည်း | ပေါက်ပြား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | TV,စလောင်း ဆိုင်ကယ်-၂ | TV, ဆိုင်ကယ်-၁ | ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | ယာစိုက်ပျိုးရေး | ယာစိုက်ပျိုးရေး | လယ်ကူလီ | ကျပန်း |
| အခြားပိုင်ဆိုင်မှု | | - | - | - |
| အိမ်ထောင်စု - | ၂၂(၁၄.၂၈%) | ၂၇(၁၇.၅၃%) | ၈၆(၅၅.၈၄%) | ၁၉(၁၂.၃၃%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် အိမ်ထောင်စု (၁၅၄)စု ရှိပါသည်။

ကျေးရွာတွင် ဥစ္စာဓနအဆင့် အခြေအနေကို အဆင့်(၄)ဆင့်ဖြင့် ခွဲခြား၍ တစ်အိမ်တက်ဆင်း ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့မှ ကောက်ခံရာ အဆင့်(၁) အဆင်ပြေသော အိမ်ထောင်စုမှာ ကျေးရွာရှိ နေထိုင်သူအိမ်ထောင်စု၏ (၁၇)ရာခိုင်နှုန်း၊အဆင့်(၂)အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ ကျေးရွာရှိ နေထိုင်သူ အိမ်ထောင်စု၏ (၂၁)ရာခိုင်နှုန်း၊ အဆင့်(၃)ဆင်းရဲသော အိမ်ထောင်စုမှာ (၁၈)ရာခိုင်နှုန်း နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ ကျေးရွာရှိ နေထိုင်သူ အိမ်ထောင်စု၏ (၄၄)ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။ ထိုကဲ့သို့ ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်၍ ခွဲခြားခဲ့ပါသည်။ ထို့ကြောင့် ကျေးရွာ၏ အဆင့်(၄)ဆင့်တွင် အဆင့်(၄)အလွန်ဆင်းရဲသော အိမ်ထောင်စုမှ ရာခိုင်နှုန်းအများဆုံးဖြစ်၍ ဆင်းရဲသားပပျောက် လျော့နည်းရန် လိုအပ်ပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၃၂ | ၁၀၀% | ချေးယူဖြေရှင်း |
| ၃ လနှင့် ၆ လအောက် | | | |
| ၆ လ မှ ၁၂ လ အထိ | | | |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် ဆင်းရဲသား အိမ်ထောင်စု၏အရေအတွက်(၃၂)စု အိမ်ထောင်စုရှိပြီး ရာခိုင်နှုန်းမှာ (၁၀၀%) ဖြစ်ပါသည်။ ၄င်းတို့သည် လက်လုပ်လက်စား ကူလီများနှင့် ကျပန်းအလုပ်သမားများ ဖြစ်ပါသည်။ အိမ်ထောင်စု တစ်စုလျှင် (၂၀)သိန်းမှ(၁၅)သိန်း ထိအကြွေးတင်ရှိနေကြောင်း တွေ့ရပါသည်။ အများစုမှာ ငွေတိုးချေးသူနှင့် ပက်မြန်မာ နှင့်သမတို့ထံမှ ချေးယူ၍ ဖြေရှင်းပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၁ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော မိသားစုမှာ ပိုမိုများပါသည်။ ၎င်းတို့မှာ စားဝတ်နေရေး နှင့် ပညာရေး အတွက် အားနည်းနေသဖြင့် ထောက်ပံ့ရန် လိုအပ်ပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် | လယ်လုပ်ကိုင်မှုရှိသောကြောင့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် | စိုက်ပျိုးရေမရရှိသောကြောင့် |
| ၃ | ရေကြီးခြင်း | | |
| ၄ | မိုးခေါင်ခြင်း | လတ် | သီးနှံပျက်စီးဆုံးရှုံးခြင်း |
| ၅ | အအေးလွန်ကဲခြင်း | | အပူပိုင်းဒေသဖြစ်ခြင်း |
| ၆ | မုန်တိုင်း | | |
| ၇ | ငလျင် | | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | ဓာတုပိုးသတ်ဆေးများကိုစနစ်တကျ သုံးစွဲခြင်းမရှိသောကြောင့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ထင်းခုတ်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | □□□ | ကျန်းမားရေးစောင့်ရှောက်မှုရှိခြင်း |
| ၁၃ | တီဘီရောဂါ | | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | □□□ | ကန်ရေသောက်သုံးရခြင်း၊ တိမွေးကုဆရာဝန် မရှိကြောင့် |
| ၁၇ | လူကုန်ကူးခြင်း | | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | | |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် အိမ်ထောင်စု(၁၅၄)စု ရှိပါသည်။ ကျေးရွာသည် ကုန်းမြင့်မြေများဖြစ်သဖြင့် စားနပ်ရိက္ခာသိုလှောင်မှုမရှိပါ။ ရေရှားပါးမှုကြောင့် သဘာဝအရင်းမြစ်များ ပေါက်ရောက်မှုနည်းပါးပါသည်။ ကုန်းမြေဆီလွှာ ပျက်ယွင်းမှုမှာ ဓါတုပိုးသတ်ဆေး ကိုစနစ်တကျ မသုံးစွဲခြင်း နှင့် အပူပိုင်းကုန်းမြင့် ဒေသများကြောင့်ဖြစ်ပါသည်။ သစ်တောပြုန်းတီးခြင်းမှာ မိုးခေါင်ရေရှားပါးခြင်းကြောင့် ဖြစ်ပါသည်။ ငှက်ဖျားရောဂါနှင့် တီဘီရောဂါ တို့သည် ခေတ်မှီဆေးကုသမှုများ ရှိသဖြင့် ကူးစက်မှုနှုန်းနည်းပါးပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | အွန်လိုင်း၊အရက်သောက်၊ဆိုင်ကယ်များ စည်းကမ်းမဲ့စွာစီးခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | ကျောင်းသားဦးရေများခြင်း၊ လူမယ်ကလေးများခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ကူလီလုပ်ကိုင်၍ မိုးရာသီတွင် လုပ်ကိုင်ရ၍ ထိခိုက်လွယ်ပါသည်။ဂ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | | |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | လုပ်အားခနည်းပါး၍ မိသားစုများခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | | |
| ၁၄ | ရွှေတွင်းလုပ်သား | | |
| ၁၅ | ဆေးစွဲသူများ | | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | | |
| ၂၀ | ကားသမား | မြင့် | သတိလွတ်၍မရခြင်း၊ အရှိန်ပြင်းစွာမောင်း ခြင်း |
| ၂၁ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု (၁၅၄)စုရှိပါသည်။ ကျေးရွာရှိ လူငယ်အများစုမှာ အွန်လိုင်းပေါ်တွင် အချိန်ပြည့်ရှိနေခြင်းနှင့် အရက်သောက်စားခြင်းတို့ကြောင့် ထိခိုက်မှုအများဆုံးရရှိနိုင်ပါသည်။ အမျိုးသမီး ဦးဆောင်သည် အိမ်ထောင်စု များသည် မိသားစု များခြင်း၊ကျောင်းသူ၊ကျောင်းသား များရှိခြင်း နှင့် လက်လုပ်လက်စား များဖြစ်၍ ဝင်ငွေနည်းပါး သောကြောင့် အဆင်မပြေသည့် အိမ်ထောင်စုများ ဖြစ်ပါသည်။ မြေယာမဲ့ ဆင်းရဲသား တောင်သူများ မှာ လုပ်အားခနည်းပါးသည်။ လက်လုပ်လက်စား ကျပန်းများမှာ မိသားစုများ၍ ဝင်ငွေရရှိမှု နည်းပါးခြင်း ကြောင့်ထိခိုက်သက်ရောက်မှု အများဆုံး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ပတ်မြန်မာအဖွဲ့ | ၁ | | ၅၅ | ၅၅ | အသေးစားငွေထု တ်ငွေချေးလုပ်ငန်း | ၅ | ၇ |
| ၂ | သမအဖွဲ့ | | | | | အသေးစားငွေချေး | ၅ | ၇ |
| ၃ | မမွစကြာအဖွဲ့ | ၃ | | ၁၅ | ၁၅ | သာရေး/နာရေး | ၄ | ၆ |
| ၄ | လူငယ်အဖွဲ့ | ၂ | ၁၂ | | ၁၂ | လူမှုရေးအဖွဲ့ | ၆ | ၇ |
| ၅ | ပရဟိတအဖွဲ့ | ၂ | ၃ | ၅ | ၈ | ကျန်းမာရေး | ၄ | ၇ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆော င် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၆ | အိုးစည်ဝိုင်းအဖွဲ့ | ၃ | ၁၀ | - | ၁၀ | ယဉ်ကျေးမှုအဖွဲ့ | ၆ | ၇ |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် အိမ်ထောင်စု(၁၅၄)စု ရှိပါသည်။ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများမှာ အဖွဲ့၏ ရပ်တည်ချက် လုပ်ငန်းများအလိုက် တာဝန်များအတိုင်း ဆောင်ရွက်နေကြသဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွက် များစွာ အထောက်ကူပြုကြောင်းတွေ့ရှိရပါသည်။ သို့သော် အဖွဲ့အစည်းများ စွမ်းဆောင်ရည်များပြည့်ဝမှု တိုးတက်လာစေရန် သင်တန်းများဖွင့် လှစ်ပေးသင့်ပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ပရဟိတအဖွဲ့ | ၆ | ကျန်းမာရေးစောင့်ရှောက်မှု |
| ၂ | ပတ်မြန်မာအဖွဲ့ | ၂ | အသေးစားချေးငွေထုတ်ချေး |
| ၃ | သမအဖွဲ့ | ၂ | အသေးစားချေးငွေလုပ်ငန်း |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် အိမ်ထောင်စု (၁၅၄)စု နေထိုင်ကြပါသည်။ မြို့နယ်သမအဖွဲ့ အသေးစားငွေထုတ်ငွေချေးလုပ်ငန်းလည်း ရှိပါသည်။ ကျွန်မတို့ကျေးရွာတွင် ၄င်းအသေးစားငွေထုတ်ငွေချေးလုပ်ငန်း (၂)ခု သာရှိပါသည်။ ပရဟိတ အဖွဲ့လည်း ရှိပါသည်။ ၄င်းအဖွဲ့သည် ကျန်းမာရေးစောက်ရှောက်မှု အဖွဲ့ဖြစ်ပါသည်။ ၄င်းအဖွဲ့အစည်း၏ မှာအသင့်အတင့် ကောင်းမွန်လျှက်ရှိပါသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၃ | ၇၃.၄% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၅ | ၃.၂% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၄ | ၉% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၉ | ၁၂.၃% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၃ | ၁.၉% | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၅၄ | ၁၀၀% | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် အိမ်ထောင်စု (၁၅၄)စုရှိပါသည်။ ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထား မှာ သာမန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲသောအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာ အနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့ အိမ်ထောင်စု များပါဝင်သည်။ ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စု အရေအတွက်မြင့်မားပြီး (၇၃.၄%) ထိရှိကာ ဆင်းရဲ၊အလွန်ဆင်းရဲ အဆင့် ရှိအိမ်ထောင်စုများဖြစ်ကြသည်။

## (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | အစိုးရ | ၁၃၂.၈၀ | ရာသီအလိုက် 14 | 1414ရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား (မိုးရေ) | သဘာဝ | ၃၁၁ | ရာသီအလိုက် | မရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် အိမ်ထောင်စု (၁၅၄)စုနေထိုင် ကြပါသည်။ ကျွန်တော်တို့ကျေးရွာ စိုက်ပျိုးမြေဧက(၃၁၁ဧက)ရှိပါသည်။ စိုက်ပျိုးရေးအတွက် ယာမြေများမှာ မိုးရေကိုသာ အားထားရသောကြောင့် ရာသီဥတုဖောက်ပြန်သောနှစ်များတွင် စီးပွားရေးကြပ်တည်းကြပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူ နစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၃၁၁ | တင်း | ၅ | ၁၀ | ၇ | ဇွန် | ဩဂုတ် | မြင့် | လတ် | |
| စပါး | ၃၁၁ | တင်း | ၂၀ | ၃၅ | ၂၅ | ဇွန် | ဩဂုတ် | လတ် | လတ် | |
| ပဲ | ၃၁၁ | တင်း | ၃ | ၇ | ၅ | ဇွန် | ဩဂုတ် | လတ် | နိမ့် | |
| မြေပဲ | ၃၁၁ | တင်း | ၁၅ | ၂၅ | ၂၀ | စက်တင်ဘာ | ဒီဇင်ဘာ | မြင့် | လတ် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် အိမ်ထောင်စု (၁၅၄)စု ရှိပါသည်။ ကျေးရွာတွင် အဓိကမိုးကာလတွင် စိုက်ပျိုးပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ယာမြေစိုက်ပျိုးဧက(၃၁၁)ဧကရှိပါသည်။ မိုးကာလတွင် မိုးနှမ်းမှာ (၇)တင်းထွက်ရှိပြီး မြေပဲမှာ (၂၅)တင်းပျှမ်းမျှထွက်ရှိပါသည်။ သီတင်းကျွတ်ကာလတွင် မြေပဲ နှင့် ပဲတီစိမ်း ကိုသာ စိုက်ပျိုးပါသည်။ သီးထပ်မြေပဲ မိုးဦးနှမ်းနှင့် မြေပဲသွင်းအားစု မှာ အလတ်စားဖြစ်ပါသည်။ အမြတ်ရရှိမှုမှာလည်း မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ အလတ်စား ဖြစ်ပါသည်။ ပဲတီစိမ်း ၏ သွင်းအားစု မှာအမြင့် စားဖြစ်ပြီး ရရှိနိုင်မှု အမြတ်မှာ နည်းပါးပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်း လုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦး ချင်း ပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေ အတွက် | လယ် သမား ဦးရေ | အရေ အတွက် | လယ် သမား ဦးရေ | | |
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | | | | | | | |
| ရေစုပ်စက် | | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်း လုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမား ဦးရေ | အရေအတွက် | လယ်သမား ဦးရေ | | |
| မြက်ရိတ်စက် | | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် ယာလုပ်ငန်းတစ်မျိုးတည်းကိုသာ လုပ်ကိုင်ရသောကြောင့် နွား/လှည်း များဖြင့် လုပ်ကိုင်ပါသည်။ ထွန်စက်၊ လက်တွန်း ထွန်စက် ၊အစေ့ချကိရိယာ များမရှိပါ။ ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ခြင်း မရှိသည့် အတွက် ရိတ်သိမ်းစက် ခြွေလှေ့စက်၊ ရေစုပ်စက် ၊ခြေနင်းရေတင်စက် ၊ မြတ်ရိတ်စက် များမရှိသည့် ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | မြေလွတ်မြေရိုင်းများရှိခြင်း |
| ရေရင်းမြစ် | မြေအောက်ရေရရှိခြင်း |
| သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာ | ဆိတ်ချေး၊နွားချေး ၊သစ်ရွက်မှိုက်များ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | စိုက်ပျိုးရေးဆေးဆိုင်မှ ဝယ်ယူရရှိနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | စိုက်ပျိုးရေးဘဏ်၊ပြင်ပအဖွဲ့အစည်းများနှင့် ပက်မြန်မာ၊ သမဦးစီးဌာနတို့မှ ရရှိပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ရှိပါသည်။ |
| သွင်းအားစုဈေးကွက် | နီးစပ်ရာမြို့များတွင် ရရှိနိုင်ပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | နီးစပ်ရာမြို့များတွင် ပြုလုပ်နိုင်ပါသည်။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် စိုက်ပျိုးရေးမြေဧက (၃၁၁) ဧက

ရှိပါသည်။ သဘာဝမြေဆွေးနှင့် အော်ဂဲနစ် မြေဆွေးများလည်းရှိပါသည်။ အော်ဂဲနစ် ဓာတုပိုးသတ်ဆေး များကို မင်းဘူး၊ မကွေး စိုက်ပျိုးရေး ဆေးဆိုင်များတွင် ဝယ်ယူရရှိ နိုင်ပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု များကို အစိုးရ စိုက်ဘဏ်နှင့် ပတ်မြန်မာ ပြင်ပ အဖွဲ့ နှင့် မြို့နယ်သမအဖွဲ့ အစည်းများမှ ရရှိပါသည်။ နည်းပညာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများမှာ စိုက်ပျိုးရေးဦးစီးဌာန နှင့် ကုမ္ပဏီများကို ချိတ်ဆက်ရပါသည်။ သွင်းအားစုဈေးကွက်များကို မင်းဘူး၊မကွေးကုန်စည်ဒိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ကျွန်မတို့ကျေးရွာသည် ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု ဈေးကွက်မှာ လက်လှမ်းမီမှုနည်းပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မရှိပါ |
| မြေဆီသြဇာ အခြေအနေ | ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာ အလွန်သုံးစွဲမှုကြောင့် မြေဆီလွှာပျက်စီး |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | စိုက်ပျိုးဘဏ်၊ သမ၊ ပြင်ပအဖွဲ့အစည်း လုံလောက်မှု မရှိ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ငွေကြေးမလုံလောက်၍ အချိန်မှီ ဂယ်ယူသုံးစွဲနိုင်မှုမရှိ။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | အချိန်မှီ စိုက်ပျိုးလိုခြင်းကြောင့် လုပ်သားရှားပါး။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မြစ်ရေတင်စီမံကိန်းရှိသော်လည်းရေရရှိရန်ခက်ခဲခြင်း |
| စိုက်ပျိုးရေ မလုံလောက်မှု | မိုးရေကိုသာ အားထားနေခြင်းကြောင့် |
| ဖျက်ပိုးနှင့် ရောဂါ | ရာသီဥတု နှင့် ပိုးသတ်ဆေးများ အရည်အသွေး မမှီခြင်း။ |
| ဈေးကွက် လက်လှမ်းမီမှု | ဆက်သွယ်ရေးနည်းပညာများ လက်လှမ်းမှီမှုအားနည်း။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | စိုက်ပျိုးရေးနည်းပညာများ များစွာ အကူအညီလိုအပ်ခြင်း။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် မြေဆီသြဇာအခြေအနေမှာ ဓာတုပိုးသတ်ဆေးကို စနစ်တကျ မသုံးစွဲတတ်ခြင်း အညွှန်းအတိုင်း မသုံးစွဲတတ်ခြင်းတို့ဖြစ်ပါသည်။ ငွေကြေးအရင်းအနှီး ရရှိနိုင်မှု မရှိခြင်း မှာချေးငွေ လုံလောက်မှုမရှိနိုင်ခြင်း အချိန်နောက်ကျခြင်း တို့နှင့် တွေ့ကြုံနေရရပါသည်။စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီမရရှိနိုင်ခြင်း ကြောင့် အချိန်မီ အသုံးမချနိုင်ခြင်းဖြစ်ပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၃၉ | ၁၃၃ | |
| နို့စားနွား | | | |
| မြင်း | ၂ | ၂ | |
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | | | |
| ကြက် | | | |
| ဘဲ | | | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် ရွာသူ/သား အများစုမှာ ယာလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၅၄) စုရှိသည့် အနက် အိမ်ထောင်စု (၃၉)စုတွင် ခိုင်းနွားပေါင်း (၁၁၃) ကောင်ရှိပါသည်။ အိမ်ထောင်စု(၂)စု တွင် မြင်း(၂)ကောင်ရှိပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေကျယ်ပြန့်စွာရှိခြင်း |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ရေရရှိမှု | အဝီစိတွင်း ရေရရှိခြင်း |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | လက်လှမ်းမီမှုမရှိပါ။ |
| ချေးငွေ | မရှိ |
| သွင်းအားစု ဈေးကွက် | မင်းဘူး၊ မကွေး၊( တိမွေးကု)ဌာနတွင်တွေ့ရှိနိုင်သည်။ |
| ဝန်ဆောင်မှု ဈေးကွက် | အနီးနားတွင်ငွေကြေးဖြင့် ကုသောကြတ်ခြေပြာအဖွဲ့ |
| ထုတ်ကုန် ရောင်းဝယ်မှု | မင်းဘူးမြို့မှ ဝယ်ယူသူရှိခြင်း |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | လုံလောက်မှုအနည်းငယ်ရှိခြင်း |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန် ရောင်းဝယ်မှု | မရှိပါ ။ |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာမကန်ကျေးရွာတွင် လူနှင့်တိရစ္ဆာန်အသုံးပြုသော ရေကို အဝီစိတွင်းမှ ရရှိပါသည်။ကျေးရွာတွင် အဝီစိတွင်း (၄)တွင်း ရှိပါသည်။ ကျေးရွာတွင် ရန်ပုံငွေ ရရှိရေးအတွက် သောက်သုံးရေ တို့ကို အဝီစိတွင်း(၄)တွင်းမှ ငွေကြေးဖြင့် ဝယ်ယူသုံးစွဲ ရပါသည်။ မွေးမြူရေး ပြုလုပ်ရန်အတွက် သောက်သုံးရေ လုံလောက်မှုမရှိသေးပါ။ တိရစ္ဆာန်များမျိုးပွားရန် အတွက်လည်း နည်းစနစ်များ လက်လှမ်းမမီသေးပါ။ တိရစ္ဆာန်များမျိုးပွားရန် အတွက်လည်း နည်းစနစ်များ လက်လှမ်းမမီသေးပါ။ တိရစ္ဆာန်များ ဝယ်ယူမွေးမြူရန် ချေးငွေမရှိပါ။ ယခုခိုင်းနွား မွေးမြူထားသော တိရစ္ဆာန်များရောဂါဖြစ်လျှင် မင်းဘူးမြို့ အနီးနားတွင် ရှိသောတိမွေးကုများကို သွားရောက်ခေါ်ရပါသည်။ ထို့ကြောင့် ကျွန်မတို့ရွာမကန်ကျေးရွာတွင် တိရစ္ဆာန်မနှင့် ပတ်သက် ၍ သွင်းကုန် ထုတ်ကုန်များ မရှိပါ ။ တိရစ္ဆာန် မွေးမြူရန် အတွက်လည်း တိရစ္ဆာန် များထားရန် အိမ်ခြံဝင်း အတွင်း မြေနေရာ များလည်း လုံလောက်မှုမရှိသေးပါ။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | မရှိပါ ။ လက်လှမ်းမရှိပါ။ |
